# မြန်မာနိုင်ငံ၌ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အသက်ရှင်ကျန်ရစ်သူများအား ပြန်လည် ကုစားပေးလျော်ခြင်း လုပ်ငန်းစဉ်များကို ငွေကြေးထောက်ပံ့ပေးရန် အတွက် ပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ပြောင်း အသုံးပြုခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ

GLOBAL SURVIVORS FUND

FOR AND WITH SURVIVORS OF CONFLICT-RELATED SEXUAL VIOLENCE

**ပြန်လည်ကုစားပေးလျော်မှုများသည် အရေးတကြီးလုပ်ဆောင်ရမည့်အရာ ဖြစ်သည်။ မြန်မာနိုင်ငံရှိ အသက်ရှင်ကျန်ရစ်သူများ (survivors) အတွက် ပြန်လည်ကုစားပေးလျော်မှုလုပ်ငန်းများအား ထောက်ပံ့နိုင်ရန် ကျူးလွန်သူများ၊ အားပေးကူညီသူများ၏ ပိုင်ဆိုင်မှုများကို တရားဝင်လွှဲပြောင်း၍ ချက်ချင်းဆောင်ရွက်ပါ။ ၎င်းတို့အနေဖြင့် လျော့နည်းလာသော အကူအညီများကို မှီခိုနေရခြင်း သို့မဟုတ် စောင့်ဆိုင်းနေရခြင်း မရှိစေရန် သေသေချာချာ လုပ်ဆောင်ပါ။ အသက်ရှင်ကျန်ရစ်သူများသည် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ကိစ္စရပ်များအပါအဝင် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ ရန်ပုံငွေယန္တရားများတွင် ပါဝင်ပုံဖော်ခွင့် ရရှိရမည်။**

# ၁။ မြန်မာနိုင်ငံ၌ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် ပြန်လည်ကုစားပေးလျော်ခြင်းများ

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပြီး (၄) နှစ်အကြာအထိ မြန်မာနိုင်ငံ၌ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများ၏ မျိုးဆက်များသည် ၎င်းတို့ခံစားခဲ့ရသည့် ကြီးစွာသော ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားပေးလျော်မှုကို မရရှိပေ။ ယင်းသည် ၎င်းတို့ ခံစားနေရသော စိတ်ဒဏ်ရာကို ပိုမိုဆိုးရွားစေသည်။ မြန်မာနိုင်ငံ၌ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ယနေ့ချိန်ထိ စစ်တပ်နှင့် အခြားသောလက်နက်ကိုင်အဖွဲ့များက ကျူးလွန်ဆဲဖြစ်ပြီး၊ အရပ်သားပြည်သူများအပေါ် စနစ်တကျ အကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ရနေကြဆဲဖြစ်သည်။ တပြိုင်တည်းတွင် ပြန်လည်ကုစားပေးမှုကုထုံးများ နည်းပါးနေသည့် အခြေအနေတွင် အသက်ရှင်ကျန်ရစ်သူ အရေအတွက်လည်း မြင့်တက်လျက်ရှိသည်။[1]

**သို့သော် အသက်ရှင်ကျန်ရစ်သူများသည် တိတ်ဆိတ်မနေကြပါ။** မြန်မာနိုင်ငံအတွင်းမှစ၍ ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ ကော့စ်ဘဇာ နေရပ်စွန့်ခွာ ရွှေ့ပြောင်းစခန်းများအထိ အသက်ရှင်ကျန်ရစ်သူများသည် စုစည်းကြပြီး တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး တို့နှင့်အတူ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့နှင့် သက်ဆိုင်သည့် အရေးပေါ် စီမံချက်များ ချမှတ်ဆောင်ရွက်ရန် စည်းရုံးတောင်းဆိုနေကြပါသည်။[2] မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) ကဲ့သို့သော အဖွဲ့အစည်းများက စုဆောင်းရရှိထားသော အကြမ်းဖက်မှုနှင့် နေရပ်စွန့်ခွာရမှုတို့ကြောင့် ဖြစ်ရသည့် မြေယာနှင့် ပိုင်ဆိုင်မှု ဆုံးရှုံးရမှုများအပါအဝင် အထောက်အထားများသည် အသက်ရှင်ကျန်ရစ်သူများ ကြုံတွေ့ခဲ့ရသည့် အလုံးစုံ ထိခိုက်မှုများကို ဆက်စပ်ကြည့်မြင်နိုင်စေရန်အတွက်လည်း အထောက်အကူဖြစ်သည်။[3]

**မြန်မာနိုင်ငံတွင် အနာဂတ်၌ နိုင်ငံတော်အဆင့် ပြန်လည်ကုစားပေးလျော်ခြင်းများ လုပ်ဆောင်ရန် အခြေခံအုတ်မြစ်ချခြင်းဖြင့် ပြန်လည်ကုစားပေးလျော်ရေးလုပ်ငန်းစဉ်ကို ယခုအချိန်မှပင် စတင်နိုင်ပါသည်။** မြန်မာနိုင်ငံအတွင်းနှင့် လုံခြုံရေးအရ ခွင့်ပြုသည့် ဒုက္ခသည်စခန်းများအတွင်းရှိ အသက်ရှင်ကျန်ရစ်သူများ ခံစားခဲ့ရသည့် နစ်နာမှုကို အသိအမှတ်ပြုလက်ခံသည့်  ကြားကာလ ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အစီအမံများ ချမှတ်လုပ်ဆောင်ရန် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၌ ကျွမ်းကျင်မှု၊ အဆက်အသွယ်နှင့် စိတ်ဆန္ဒရှိကြောင်းကို ကော့စ်ဘဇာနှင့် မြန်မာနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ အသက်ရှင်ကျန်ရစ်သူများ ရန်ပုံငွေအဖွဲ့ (Global Survivors Fund -GSF) ၏ ဆောင်ရွက်ချက်များတွင် မြင်တွေ့ရသည်။[4] ကော့စ်ဘဇာရှိ ထိခိုက်နစ်နာမှုမှ အသက်ရှင်ကျန်ရစ်သူများနှင့် ကနဦး ဆွေးနွေးတိုင်ပင်မှုများတွင် အဓိကဦးစားပေး လုပ်ဆောင်ရမည့် အရာများကို ဖော်ပြထားသည်။ ဆေးကုသခွင့်၊ ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းမှု၊ ငွေကြေးအထောက်အပံ့နှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုတို့ကို အလျင်အမြန် ရရှိနိုင်ခွင့်နှင့်အတူ ၎င်းတို့ ခံစားခဲ့ရသည့် အကြမ်းဖက်မှုများကို အသိအမှတ်ပြုလက်ခံပေးခြင်းနှင့် အမှတ်တရ ရှိပေးခြင်းတို့ လုပ်ဆောင်ရန် ဖြစ်သည်။ ဤစီမံချက်များကို အလျင်အမြန် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး၊ ၎င်းလုပ်ငန်းများကို အနာဂတ်ကာလ တရားဝင် ပြန်လည်ကုစားပေး လျော်ရေး အစီအစဉ်များအတွက်လည်း တင်ကြိုအသိပေးထားနိုင်သည်။ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကဲ့သို့သော ဒီမိုကရေစီအရေး လှုပ်ရှားသူများနှင့် ဆက်စပ် အဖွဲ့အစည်းများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု မူဝါဒများ[5] ကို ရေးဆွဲလျက်ရှိပြီး အနာဂတ်ကာလ ပြန်လည်ကုစားပေးလျော်ရေး မူဘောင်များတွင် ထိခိုက်နစ်နာမှုများမှ အသက်ရှင်ကျန်ရစ်သူများ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားသော လမ်းကြောင်းများ ဖန်တီးပေးလျက်ရှိသည်။

### ပြန်လည်ကုစားပေးလျော်ခြင်းများ၊ ကြားကာလ ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အစီအမံများနှင့် လူသားချင်းစာနာမှု အထောက်အပံ့များအကြား ကွာခြားချက်

နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများသည် ပြင်းပြင်းထန်ထန် ချိုးဖောက်ခံရပြီး ထိုဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများမှ အသက်ရှင်ကျန်ရစ်သူများအတွက် လုံလောက်ပြီး လျင်မြန်ထိရောက်သည့် **ပြန်လည်ကုစားပေးလျော်ကြေးရပိုင်ခွင့်**ကို နိုင်ငံတကာဥပဒေတွင် ခိုင်မာစွာ ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေများတွင် နိုင်ငံများအပါအဝင် အခြားသော တာဝန်ရှိသူများသည် အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်နစ်နာခဲ့ရသူများ ခံစားခဲ့ရသော နစ်နာမှုများကို ကုစားပေးရန် တာဝန်ဝတ္တရားရှိသည်ဟု ဖော်ပြထားသည်။ နိုင်ငံများမှ ပြန်လည်ကုစားပေးလျော်မှုများ မလုပ်ဆောင်သေးသည့် နေရာများတွင် GSF သည် **“ကြားကာလ ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ အစီအမံများ”** ဟုခေါ်ဆိုနိုင်သော လုပ်ဆောင်ချက်ကို ဆောင်ရွက်ပေးသည်။ ဆိုလိုသည်မှာ ဦးစားပေးဆောင်ရွက်ရမည့် နစ်နာမှုများကို အသိအမှတ်ပြုခြင်းနှင့် ဖြေရှင်းပေးခြင်းလုပ်ငန်းများအတွက် အသက်ရှင်ကျန်ရစ်သူများနှင့်အတူ အရပ်ဘက် လူမှုအဖွဲ့အစည်းများကိုယ်တိုင် ဒီဇိုင်းရေးဆွဲ၊ အကောင်အထည်ဖော်၊ အကဲဖြတ်ပြီး စောင့်ကြည့်မှုများ လုပ်ဆောင်နိုင်သည်။ ဤအစီအမံသည် လူသားချင်းစာနာမှု အထောက်အပံ့နှင့် မတူပါ။ အသက်ရှင်ကျန်ရစ်သူများအား အကျိုးခံစားခွင့်ရှိသူအဖြစ်သာ မဟုတ်ဘဲ အခွင့်အရေးရှိသူအဖြစ် ဗဟိုပြု သတ်မှတ်ထားပြီး ၎င်းတို့ ခံစားခဲ့ရသည်များနှင့် လုပ်ဆောင်နိုင်စွမ်းများကို အသိအမှတ်ပြု လက်ခံကာ ဦးစားပေးဆောင်ရွက်ရမည့် အရာများ သတ်မှတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် မည်သို့အကူညီပေးမည်ကို ပုံဖော်ချမှတ်ခြင်းဖြစ်သည်။ ကြားကာလ ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ အစီအမံများ” သည် နိုင်ငံများမှ ဦးစီးလုပ်ဆောင်ရမည့် ပြန်လည်ကုစားပေးလျော်ခြင်းများကို အစားထိုးခြင်း မဟုတ်ပါ။ ၎င်းတို့သည် ဖြည့်စွက်ဆောင်ရွက်ပေးချက်သာဖြစ်ပြီး **အနာဂတ်ကာလ ပြန်လည်ကုစားပေးလျော်ခြင်းများအတွက် လမ်းကြောင်းတစ်ခု ဖြစ်စေနိုင်ပါသည်။**

## ၂။ ပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ပြောင်း အသုံးပြုခြင်း။ မြန်မာနိုင်ငံ၌ ပြန်လည်ကုစားပေးလျော်ခြင်း လုပ်ငန်းစဉ်ကို ငွေကြေးထောက်ပံ့ပေးရန် လက်တွေ့လုပ်ဆောင်နိုင်သည့် လမ်းကြောင်းတစ်ခု

ပြန်လည်ကုစားပေးလျော်ကြေးရပိုင်ခွင့်သည် အသက်ရှင်ကျန်ရစ်သူများ ရရှိရမည့် အခွင့်အရေးဖြစ်ပြီး ထိုသူများအတွက် ဦးစားပေးဆောင်ရွက်ရမည့် အရာတစ်ခုဖြစ်သော်လည်း၊ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ အသက်ရှင်ကျန်ရစ်သူများသည် နိုင်ငံတော်အဆင့် ပြန်လည်ကုစားပေးလျော်ပေးမှုများကို မရရှိကြပါ။[6] သို့သော် ၎င်းသည် ကြားကာလတွင် အဓိပ္ပာယ်ပြည့်ဝသော ပြန်လည်ကုစားပေးလျော်ပေးမှု အစီအမံများ ချမှတ်ခြင်းကို ဟန့်တားထားခြင်း မဟုတ်ပါ။ **အဓိကကျသည့် ကန့်သတ်ချက်တစ်ခုမှာ ဘဏ္ဍာရေး ကွာဟချက် ကြီးမားနေခြင်းဖြစ်သည်။** အကူအညီများ ဖြတ်တောက်ခံရသည့် အခြေအနေတွင် မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် လူသားချင်းစာနာမှုလုပ်ငန်းများအတွက် တောင်းခံငွေ အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံမှ ၁၅ ရာခိုင်နှုန်းသာ (၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ) ငွေကြေးထောက်ပံ့မှုရရှိခဲ့ပြီး၊ ၂၀၂၅ ခုနှစ် ရိုဟင်ဂျာများအား ကူညီရေးအစီအစဉ်၏ ၃၈ ရာခိုင်နှုန်းသာ (၂၀၂၅ ခုနှစ် ဩဂုတ်လအထိ) ငွေကြေးထောက်ပံ့မှု ရရှိခဲ့သည်။[7] ပိုမို များပြားလာသည့် လူသားချင်းစာနာမှုလိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခြင်းနှင့်အတူ ရှိရင်းစွဲ ဘဏ္ဍာရေး ထောက်ပံ့မှုလမ်းကြောင်းများမှတစ်ဆင့် အသက်ရှင်ကျန်ရစ်သူဗဟိုပြု ပြန်လည်ကုစားပေးလျော်သည့် လုပ်ငန်းစဉ်များအတွက် ငွေကြေးအထောက်အပံ့သည် ခက်ခဲနေဆဲပင် ဖြစ်သည်။

**ဤကွာဟမှု မရှိစေရန်အတွက် ပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ပြောင်းအသုံးပြုခြင်းကဲ့သို့သော ငွေကြေးထောက်ပံ့မှု လမ်းကြောင်းသစ်များကို မူဝါဒနည်းနာတစ်ခုအဖြစ် စူးစမ်းလေ့လာရမည်။** အာဏာသိမ်း စစ်အစိုးရနှင့် စစ်တပ်၊ နိုင်ငံပိုင်ကုမ္ပဏီများနှင့် ချိုးဖောက်မှုကျူးလွန်နိုင်ရန် အားပေးကူညီသူများထံမှ ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားသည့် မြန်မာနိုင်ငံ၏ ပိုင်ဆိုင်မှုများကို အလဟဿ မဖြစ်စေရန် သို့မဟုတ် ကျူးလွန်သူများထံ ပြန်လည်ပေးအပ်ခြင်း မပြုစေရန် ဆောင်ရွက်ရမည်။ ဤပိုင်ဆိုင်မှုများအပြင် ဒဏ်ငွေများနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို

## ပိုင်ဆိုင်မှုကို ရည်ရွယ်ချက်ပြောင်းအသုံးပြုခြင်းဆိုသည်မှာ မည်သည့်အရာနည်း။

ဤစာတမ်း၏ ရည်ရွယ်ချက်များတွင် လူ့အခွင့်အရေးချိုးဖောက်သူများ၊ ၎င်းတို့ လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် အားပေးကူညီသူများနှင့် ဆက်စပ်နေသည့် ပိုင်ဆိုင်မှုများကို နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ အကျိုးအတွက် တရားဝင်ဥပဒေကြောင်းအရ ပြောင်းလဲအသုံးပြုနိုင်သည့် လုပ်ငန်းစဉ်ကို ရည်ညွှန်းရန် "ပိုင်ဆိုင်မှုကို ရည်ရွယ်ချက်ပြောင်းအသုံးပြုခြင်း" ဟူသည့် စကားရပ်ကို အသုံးပြုထားပါသည်။ ၎င်းတွင် သိမ်းဆည်းခြင်း၊ ပြန်လည်သိမ်းယူခြင်း သို့မဟုတ် အခြားဥပဒေအစီအမံများမှတစ်ဆင့် ပိုင်ဆိုင်မှုများအပေါ် အကျိုးခံစားခွင့်ရှိသူများနှင့်/ သို့မဟုတ် အကျိုးအမြတ်များရရှိမှုကို ပြောင်းလဲခြင်းတို့ ပါဝင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဥပဒေချိုးဖောက် ကျူးလွန်ထားသော တာဝန်ခံရမည့်သူများ ယခင်က ထိန်းချုပ်ထားသော သို့မဟုတ် ရရှိခံစားခဲ့သော အရင်းအမြစ်များကို နစ်နာသူများ၏ ဘဝများ ပြန်လည်တည်ဆောက်ရာတွင် ကူညီရန်နှင့် ပြန်လည်ကုစားပေးလျော်မှုများအတွက် အသုံးပြုနိုင်သည်။ ထိုပိုင်ဆိုင်မှုများတွင် ဒဏ်ခတ်အရေးယူခြင်းခံထားရသော ပြစ်မှုကျူးလွန်သူများ၏ ထိန်းချုပ်ခံထားရသည့် သို့မဟုတ် ရွှေ့ပြောင်း၍ မရနိုင်သည့် ပိုင်ဆိုင်မှုများနှင့် အကျိုးစီးပွားများ သို့မဟုတ် ၎င်းတို့ထံမှ ရရှိသော အခြားငွေကြေး အကျိုးအမြတ်များ ပါဝင်နိုင်သည်။ ထို့အပြင် ဒဏ်ငွေများနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်ခြင်းကြောင့် သိမ်းဆည်းထားသော ပိုင်ဆိုင်မှုများလည်း ပါဝင်နိုင်ပါသည်။ ပိုင်ဆိုင်မှုကို ရည်ရွယ်ချက်ပြောင်း အသုံးပြုခြင်း ၏ ရည်ရွယ်ချက်မှာ ထိုပိုင်ဆိုင်မှုများကို ပြစ်မှုကျူးလွန်သူများထံ ပြန်မပေးခြင်း သို့မဟုတ် ဒဏ်ခတ်အရေးယူခြင်း ခံထားရသော နိုင်ငံများ၏ အသုံးစရိတ်များတွင် မထည့်သွင်းခြင်းမျိုးသာ မဟုတ်ဘဲ ပြန်လည်ကုစားပေး လျော်ရန်နှင့် ထိခိုက်နစ်နာသူဗဟိုပြု လုပ်ဆောင်ချက်များအတွက် ပြန်လည်လမ်းကြောင်းပြောင်း သုံးစွဲရန် ဖြစ်သည်။

ချိုးဖောက်ခြင်းကြောင့် သိမ်းဆည်းထားသော ပိုင်ဆိုင်မှုများကိုပါ အသက်ရှင် ကျန်ရစ်သူများ၏ ပြန်လည်ကုစားပေးလျော်ခွင့်အတွက် ဖြည့်ဆည်းဆောင်ရွက်ရမည်။ ယူကရိန်းနိုင်ငံကဲ့သို့ ပိုင်ဆိုင်မှု ရည်ရွယ်ချက်ပြောင်းအသုံးချခြင်းဆိုင်ရာ ကြိုးပမ်းမှုများဖြစ်သည့် ရှေ့ပြေးနမူနာများအပေါ် အခြေခံ၍ မြန်မာနိုင်ငံတွင်လည်း ငွေကြေးထောက်ပံ့မှု နည်းလမ်းများကို မည်သို့ အသုံးပြုနိုင်ကြောင်း အကြံပြုထားသည်။

**မြန်မာနိုင်ငံရှိ ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်မှုကြောင့် သိမ်းဆည်းထားသော ပိုင်ဆိုင်မှုများနှင့် ဒဏ်ငွေချမှတ်မှုများသည်** ကုမ္ပဏီများနှင့် ထိုငွေလည်ပတ်မှုများတွင် ကြားခံဆောင်ရွက်သူများအပေါ် စနစ်တကျ ပြစ်ဒဏ်ချမှတ်ခြင်းမျိုး မရှိသေးပါ။ ထို့အပြင် ဤဒဏ်ငွေများနှင့် ပိုင်ဆိုင်မှုများကို ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုခံခဲ့ရသူများအတွက် ပြန်လည်ကူညီပေးခြင်းမျိုးလည်း မရှိသေးပါ။ ယင်းတို့သည် ပြန်လည်ကုစားပေးလျော်မှုများအတွက် အရေးပါသော၊ အသုံးမပြုရသေးသော ငွေကြေးဖြစ်သည်။ အထူးသဖြင့် အာဏာသိမ်းစစ်အစိုးရ၏ အလွဲသုံးစားပြုမှုကို အားပေးအားမြှောက်ပြုနေသည့် အခြားသော စစ်ဘက်-အရပ်ဘက်သုံး ပစ္စည်းများ တင်သွင်းမှု၊ လေယာဉ်အစိတ်အပိုင်းများနှင့် ဝန်ဆောင်မှုများ ရယူမှု၊ သစ်ကုန်ကူးခြင်း အစရှိသည့် ကိစ္စရပ်များတွင် စနစ်တကျ ပြစ်ဒဏ်ချမှတ်ခြင်း မရှိခဲ့ပါ။ အာဏာသိမ်းပြီးကတည်းက စစ်တပ်သည် အနည်းဆုံး အမေရိကန်ဒေါ်လာ (၁) ဘီလီယံတန်ဖိုးရှိသည့် စစ်လက်နက်များနှင့် စစ်ဘက်-အရပ်ဘက်သုံး ပစ္စည်းများကို တင်သွင်းခဲ့သည်။[8]

**ဥရောပသမဂ္ဂ (EU)** အတွင်း၌ အာဏာသိမ်းပြီးနောက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD) ၏ တိုင်ကြားချက်အချို့နှင့် တရားရင်ဆိုင်ဆဲအမှုများသည် EU ၏ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများနှင့် EU စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု ရှိမရှိဆိုင်ရာ စိုးရိမ်ချက်များကို စုံစမ်းစစ်ဆေးခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ၏ OECD အမျိုးသားဆက်သွယ်ရေးဌာန (National Contact Point - NCP) သည် စစ်အစိုးရနှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲခံရသော လေကြောင်းလိုင်းများသို့ လေယာဉ်များ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် Nordic Aviation Capital ကုမ္ပဏီကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။[9] သို့ရာတွင် OECD ၏ လုပ်ငန်းစဉ်များသည် တရားစီရင်ရေးမဟုတ်ပါ။ ၎င်းတို့သည် စည်းနှောင်မှုရှိသော ပြစ်ဒဏ်များ ချမှတ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းအမိန့်များကို ချမှတ်ခြင်းတို့ကို မလုပ်ဆောင်နိုင်ဘဲ "ရည်ရွယ်ချက်ပြောင်း အသုံးပြုခြင်း" လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် ရာဇဝတ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများ လိုအပ်ကြောင်းကို အလေးပေးဖော်ပြသည်။ ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ခြင်းကို အရေးယူဆောင်ရွက်မှု ပြုလုပ်သည့်တိုင် ၎င်းတို့ကို ထိခိုက်နစ်နာသူများအတွက် ပြန်လည်လမ်းကြောင်းပြောင်း သုံးစွဲမှု ပြုမပြုကို အာမ မခံနိုင်ပါ။

EU ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ပြီး မြန်မာ့ကျွန်းသစ်များ တင်သွင်းမှုနှင့် ပတ်သက်သည့် ဂျာမနီနိုင်ငံမှ အမှုတစ်ခုတွင် ဂျာမန်အာဏာပိုင်များသည် ယူရို ၁.၇ သန်း တန်ဖိုးရှိ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းထားခဲ့သည်။[10] သို့သော် ထိုသိမ်းဆည်းထားသော ပိုင်ဆိုင်မှုများကို မြန်မာနိုင်ငံရှိ ထိခိုက်နစ်နာရသည့် အသိုင်းအဝိုင်းများကို အကျိုးပြုသည့် မည်သည့်အဖွဲ့အစည်းကိုမျှ ခွဲဝေချထားပေးခြင်း မရှိခဲ့ပါ။

**ယခုအခါတွင် EU ၏ ၂၀၂၄ ညွှန်ကြားချက်များသည် ဥပဒေကြောင်းအရ လမ်းကြောင်းတစ်ခုကို ဖန်တီးပေးသည်။** ညွှန်ကြားချက်အမှတ် ၂၀၂၄/၁၂၂၆ နှင့် ၂၀၂၄/၁၂၆၀ မှတစ်ဆင့် EU သည် အဖွဲ့ဝင်နိုင်ငံများအား EU ၏ ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်နှင့် ထိုကဲ့သို့သော ရာဇဝတ်မှုများနှင့် ဆက်စပ်နေသော ပိုင်ဆိုင်မှုများကို အသုံးပြု၍မရအောင် ဆောင်ရွက်ခြင်းနှင့် သိမ်းယူခြင်းတို့အတွက် အနိမ့်ဆုံး စည်းမျဉ်းများ သတ်မှတ်ပေးရန် တောင်းဆိုသည်။

နောက်ပိုင်းညွှန်ကြားချက်အရ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတော်နှင့်ဆိုင်သည့် ပိုင်ဆိုင်မှု ပြန်လည်ရရှိရေး မဟာဗျူဟာများတွင် သိမ်းဆည်းထားသော ပိုင်ဆိုင်မှုများကို အများပြည်သူအကျိုးစီးပွား သို့မဟုတ် လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုမည့် စီမံချက်များ ပါဝင်စေရန် ဆောင်ရွက်ရမည်။ ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ဤပြဋ္ဌာန်းချက်များသည် အထောက်အကူပြုနိုင်သည့် မူဘောင်တစ်ခုကို ဖန်တီးပေးသည်။ မြန်မာနိုင်ငံနှင့်သက်ဆိုင်သော ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ခြင်းကြောင့် ပိုင်ဆိုင်မှုများကို သိမ်းဆည်းသည့်အခါ ၎င်းတို့ကို မြန်မာနိုင်ငံမှ ထိခိုက်နစ်နာသူများအား ပြန်လည်ကုစားပေးလျော်ခြင်း ယန္တရားများဆီသို့ လမ်းကြောင်းပြောင်း ရောက်ရှိစေနိုင်ပါသည်။

ဗြိတိန်နိုင်ငံ (UK) တွင် မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာများအရ UK ပြင်ပ ထိန်းချုပ်နယ်မြေ (၂) ခု ဖြစ်သည့် ကေမန်ကျွန်းစုနှင့် ဘာမြူဒါ (Bermuda) အခြေစိုက် ကုမ္ပဏီနှစ်ခုသည် စစ်အစိုးရအတွက် ဝင်ငွေရလမ်း အများဆုံးဖြစ်သည့် နိုင်ငံပိုင်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)[11] နှင့် ဖက်စပ်စီမံကိန်းများကို ဆက်လက်လည်ပတ် ဆောင်ရွက်နေကြောင်း ညွှန်ပြနေပြီး၊ ၎င်းတို့သည် UK ၏ ဒဏ်ခတ်ပိတ်ဆို့မှု စီမံချက်များကို ချိုးဖောက်သည်ဟု သံသယရှိခံနေရသည်။[12] ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၅၄ သန်းကျော် ရှိမည်ဟု ခန့်မှန်းရသည်။[13] UK တွင် ဒဏ်ခတ်ပိတ်ဆို့မှု ချိုးဖောက်မှု ဥပဒေများသည် ပြည်ပရှိ နယ်မြေများအတွက်လည်း အကျုံးဝင်ပြီး ချိုးဖောက်မှုများကို ဒဏ်ငွေတပ် အပြစ်ပေးနိုင်သည်။[14] အာဏာပိုင်များသည် ကုမ္ပဏီများ၏ ဒဏ်ခတ်ပိတ်ဆို့မှု ဆုံးဖြတ်ချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက ၎င်းတို့၏ အမြတ်ငွေများသည် UK ၏ ဥပဒေတစ်ခုဖြစ်သော ရာဇဝတ်မှုမှ ရရှိသော ဝင်ငွေ အက်ဥပဒေနှင့် ၎င်း၏ ပြည်ပနယ်မြေများတွင်လည်း အလားတူဥပဒေများအရ နိုင်ငံပိုင် သိမ်းဆည်းခံရနိုင်ပြီး "ရာဇဝတ်မှုမှ ရရှိသော ဝင်ငွေများ" အဖြစ် သတ်မှတ်နိုင်သည်။[15] လက်ရှိအချိန်တွင် ဒဏ်ခတ်ပိတ်ဆို့မှုနှင့် ဆက်စပ်သော ဒဏ်ငွေများနှင့် သိမ်းဆည်းထားသော ရန်ပုံငွေအများစုသည် ထိခိုက်နစ်နာသူဗဟိုပြု အစီအစဉ်များသို့ ခွဲဝေပေးရမည့်အစား အစိုးရရန်ပုံငွေများထံသို့ ပြန်လည်ရောက်ရှိသွားသည်။ REDRESS ကဲ့သို့သောအဖွဲ့များသည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ခံခဲ့ရသည့် ထိခိုက်နစ်နာသူများသို့ လျော်ကြေးပေးရန်အတွက် ဝေစုတစ်ခုကို သီးသန့်ခွဲဝေပေးရန် ဗြိတိသျှအစိုးရကို တိုက်တွန်းထားသည်။[16]

**မြန်မာနိုင်ငံ၏ ထိန်းချုပ်ခံထားရသော နိုင်ငံပိုင် ပိုင်ဆိုင်မှုများ**သည်လည်း ထိခိုက်နစ်နာသူများ၏ အကျိုးအတွက် ရည်ရွယ်ချက်ပြောင်း အသုံးပြုနိုင်သော ရန်ပုံငွေများစွာထဲမှ အရေးပါသည့် ရန်ပုံငွေတစ်ခု ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု (US) တွင် အာဏာသိမ်းပြီးနောက်ပိုင်း ဒဏ်ခတ်ပိတ်ဆို့မှုများအဖြစ် အစိုးရအရန်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံခန့်ကို ရွှေ့ပြောင်း၍မရအောင် ထိန်းချုပ်ခံထားရသည်။[17] မြန်မာနိုင်ငံ၏ အတိုက်အခံနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက အမေရိကန်အား အနည်းဆုံးအနေဖြင့် ဤပိုင်ဆိုင်မှုများမှ ရရှိလာသည့် အတိုးများအား ပြည်သူ့ဗဟိုပြု ပြန်လည်နလန်ထူရေးနှင့် တရားမျှတမှုတို့အတွက် အသုံးပြုခွင့် ပြုရန် လူသိရှင်ကြား တိုက်တွန်းပြောဆိုထားကြသည်။ မကြာသေးမီက အမေရိကန်၏ ရုရှားနိုင်ငံပိုင် ပိုင်ဆိုင်မှုများကို ဒဏ်ခတ်ပိတ်ဆို့ထားခြင်းသည် အလားအလာကောင်းသော အစဉ်အလာအဖြစ် ပြသနေသည်။ ၂၀၂၄ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်သည် အတိုက်အခံနှင့် အစိုးရဘက် ပါတီ နှစ်ဘက်စလုံး ထောက်ခံသည့် ဥပဒေကြမ်းဖြစ်သော "ယူကရိန်းနိုင်ငံသားများအတွက် စီးပွားရေးကြွယ်ဝမှုနှင့် အခွင့်အလမ်း ပြန်လည်တည်ဆောက်ခြင်း (REPO) အက်ဥပဒေ"[18] ကို အတည်ပြုပေးခဲ့ပြီး၊ ဒဏ်ခတ်ပိတ်ဆို့ထားသော ရုရှားနိုင်ငံပိုင် ပိုင်ဆိုင်မှုများကို ယူကရိန်း၏ ပြန်လည်နလန်ထရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သီးသန့်ထောက်ပံ့ရေးရန်ပုံငွေသို့ လွှဲပြောင်းရန်၊ စာရင်းရှင်းလင်းရန်နှင့် သိမ်းဆည်းရန်တို့ကို သမ္မတအား လုပ်ပိုင်ခွင့် ပြုပေးခဲ့သည်။ သို့ရာတွင် ဥပဒေအား အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည်။ အတိုက်အခံနှင့် အစိုးရဘက် ပါတီနှစ်ရပ်စလုံး ထောက်ခံသည့်

ကွန်ဂရက်လွှတ်တော်၏ စဉ်ဆက်မပြတ် ဖိအားပေးမှု
အပေါ် အခြေခံ၍ ကွန်ဂရက်လွှတ်တော်သည် စစ်အစိုးရ
အပေါ် ဒဏ်ခတ်ပိတ်ဆို့ထားသော အရန်ငွေများကို
သိမ်းဆည်းခြင်းကို ခွင့်ပြုပေးမည့် မြန်မာနိုင်ငံနှင့်
သက်ဆိုင်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ပြီး အသက်ရှင်
ကျန်ရစ်သူဗဟိုပြု ပြန်လည်ကုစားပေးလျော်ခြင်း
အစီအစဉ်သို့ သတ်မှတ်ထားသော ဝေစုတစ်ခုကို ခွဲဝေ
ပေးရန် ဥပဒေပြဋ္ဌာန်းပေးနိုင်သည်။

ကောင်စီ၏ ဆုံးဖြတ်ချက် ၂၀၂၄/၁၄၇၀ မှတစ်ဆင့် EU
သည် ယူကရိန်းနိုင်ငံ ပြန်လည်နလန်ထူရေးနှင့် ပြန်လည်
တည်ဆောက်ရေးကို ပံ့ပိုးကူညီပေးရန်အတွက် ဒဏ်ခတ်
ပိတ်ဆို့ထားပြီး အသုံးပြု၍ မရအောင် ဆောင်ရွက်ထား
သည့် ရုရှားပိုင်ဆိုင်မှုများမှ ရရှိသော အတိုးများကို
အသုံးပြုခွင့်ပေးခဲ့သည်။[19] ဤပိုင်ဆိုင်မှုများကို ချေးငွေ
တစ်ရပ် အဖြစ် ထုတ်ပေးရန် ဆွေးနွေးမှုများ ဆက်လက်ရှိ
နေသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း MOGE
အပေါ် EU ၏ ဒဏ်ခတ်ပိတ်ဆို့မှုများ ဆောင်ရွက်အပြီးတွင်
MOGE နှင့် ဆက်စပ်၍ ယူရိုဖြင့်ငွေပေးချေထားသည့်
သန်းရာပေါင်းများစွာကို EU တွင် ဖွင့်လှစ်ထားဖွယ်ရှိသည့်
ကန့်သတ်ထားသော အကောင့်များထဲသို့ ရွှေ့ပြောင်း
ခဲ့သည်။[20] EU သည် ယူကရိန်းအတွက် ပြုလုပ်ခဲ့သည့် ပုံစံ
ကို နမူနာယူပြီး ကောင်စီအက်ဥပဒေမှ တစ်ဆင့် မြန်မာ
နိုင်ငံအတွက် အသက်ရှင်ကျန်ရစ်သူ ဗဟိုပြု ပြန်လည်
ကုစားပေးလျော်ရေး ယန္တရားသို့ ဤရန်ပုံငွေများမှ ရရှိ
သော အတိုးများ အသုံးပြုနိုင်ရေး ညွှန်ကြားနိုင်သည်။

**နောက်ဆုံးအနေဖြင့် ကော်ပိုရေးရှင်း၏ တာဝန်ယူမှု
အစီအမံကို** လိုက်နာရမည်။ အလေးမထားခြင်း သို့မဟုတ်
လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာရန် ပျက်ကွက်ခြင်း
တို့ကြောင့် ရက်စက်ကြမ်းကြုတ်မှုများကို ပိုဖြစ်စေသည့်
စီးပွားရေးလုပ်ငန်းများ မဖြစ်စေရေးအတွက် ထိုစီးပွားရေး
လုပ်ငန်းများသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်
အရေးဆိုင်ရာ လမ်းညွှန်စည်းကမ်းချက်များ[21] နှင့် OECD ၏
နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းများအတွက် စည်းကမ်း
ချက်များ[22] ကို တစ်သမတ်တည်း လိုက်နာဆောင်ရွက်ရ
ပါမည်။ လက်ရှိအချိန်တွင် Facebook/Meta အပေါ်
OECD ၏ တိုင်ကြားမှုအား အမေရိကန်တွင် စဉ်းစား
သုံးသပ်လျက် ရှိသည်။ ယင်းတိုင်ကြားမှုတွင် ရိုဟင်ဂျာ
ဆန့်ကျင်ရေး အမုန်းတရားများနှင့် လူသားချင်းစာနာမှု
ကင်းမဲ့သော သတင်းစကား (message) များကို ကွန်ပြူ
တာစနစ်တွင် အသုံးပြုသော algorithm နည်းစနစ်ဖြင့် ပျံ့နှံ့
သွားစေခြင်း၊ သတိပေးချက်များ ရှိနေသော်လည်း
ဘာသာစကားကို လုံလောက်စွာ ထိန်းညှိမှုမပြုလုပ်ခြင်း
နှင့် ကုစားမှုနှင့် ပြန်လည်ကုစားပေးရန် ပျက်ကွက်ခြင်းတို့
ဖြင့် စွပ်စွဲထားသည်။ Meta ကိုယ်တိုင်ကလည်း မြေပြင်
တွင် အကြမ်းဖက်မှု လှုံ့ဆော်ရန်အတွက် ၎င်းတို့အွန်လိုင်း
ပလက်ဖောင်း အသုံးပြုခြင်းကို တားဆီးမှု "လုံလုံလောက်
လောက် မလုပ်ဆောင်နိုင်ခဲ့ကြောင်း" ဝန်ခံထားသည်။[23]
OECD ၏ မူဘောင်အရ ကုစားမှုစီမံချက်များတွင်
လျော်ကြေးငွေပေးခြင်း၊ ပြန်လည်ထူထောင်ရေးအတွက်
ပံ့ပိုးကူညီပေးခြင်း၊ တောင်းပန်ခြင်းများနှင့် အလားတူ
ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရန် အာမခံချက်များ ပါဝင်သော
ပြန်လည်ကုစားပေးလျော်မှု အစီအမံများ ပါဝင်သည်။[24]
ကုစားမှုပုံစံတွင် ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်း
ဆိုင်ရာအကြမ်းဖက်မှု အပါအဝင် အဆိုးရွားဆုံးရာဇဝတ်မှု
များ ကျူးလွန်ခံခဲ့ရသည့် ထိခိုက်နစ်နာသူများကို နစ်နာသူ
ကိုယ်စားပြုအဖြစ် ရှင်းရှင်းလင်းလင်း ထည့်သွင်းသင့်ပြီး
ကော်ပိုရိတ်များ၏ ကုစားမှုများကို အသက်ရှင်ကျန်ရစ်သူ
ဗဟိုပြု ပြန်လည်ကုစားပေးလျော်ရေးဆိုင်ရာ ယန္တရားတွင်
ထည့်သွင်းသင့်သည်။

# ၃။ ရန်ပုံငွေ စီမံခန့်ခွဲခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်း

GSF မှ ကော့စ်ဘဇော၊ ယူကရိန်းနှင့် ဆီးရီးယားတို့တွင် အသက်ရှင်ကျန်ရစ်သူများနှင့် ကနဦးဆွေးနွေးမှုများအရ ပြန်လည်ကုစားပေးလျော်ရေးရန်ပုံငွေများအပေါ် အသက်ရှင်ကျန်ရစ်သူများ၏ ယုံကြည်မှုသည် ကောင်းမွန်စွာ ထောက်ပံ့ထားသော ရန်ပုံငွေတစ်ခုရှိခြင်းအပေါ်တွင်သာမက **ထိုရန်ပုံငွေများ မည်ကဲ့သို့ လည်ပတ်ပြီး မည်သူက စီမံခန့်ခွဲသည့် အပေါ်တွင်လည်း** မူတည်သည်ဟု ဆိုကြသည်။ ရန်ပုံငွေတစ်ခုကို ပိုင်ဆိုင်မှုများ ပြန်လည်အသုံးပြုရန်အတွက် ယုံကြည်စိတ်ချရသော နေရာတစ်ခုအဖြစ် ရှုမြင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ထိခိုက်နစ်နာသူများ၏ အဓိပ္ပာယ်ရှိသော ပါဝင်ခြင်းတို့က အဆုံးအဖြတ်ပေးသည်။ ယူကရိန်းနှင့် ဆီးရီးယားတို့တွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများကလည်း ခိုင်မာပြီး အားလုံးပါဝင်သည့် ကြီးကြပ်မှု၏ အရေးပါမှုကို အလေးပေးဖော်ပြခဲ့သည်။ ဥပမာအားဖြင့် နိုင်ငံတကာ၊ ပြည်တွင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သူများ၏ ဟန်ချက်ညီညီ စုပေါင်း ပါဝင်မှုမျိုးဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံအခြေအနေတွင် အာဏာသိမ်းစစ်အာဏာရှင်များ၏ ကိုယ်စားပြုမှုကို တားမြစ်ထားသော်လည်း ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏ ပါဝင်ပတ်သက်မှုသည် အသက်ရှင်ကျန်ရစ်သူများ၏ တရားဝင်လက်ခံမှု ခံစားချက် ဖြစ်ပေါ်လာစေရန် မျှော်မှန်းနိုင်သည်။ ထိုကဲ့သို့သော အစီအစဉ်များသည် အသက်ရှင်ကျန်ရစ် သူများ၏ အမြင်များကို ဗဟိုပြုရန်နှင့် လေးစားမှုရှိရန် လိုအပ်သည်။ GSF သည် ဤရည်ရွယ်ချက် ပြည့်မီရန်အတွက် အသက်ရှင်ကျန်ရစ်သူများပါဝင်သည့် အဖွဲ့များနှင့် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ထိတွေ့ ဆက်ဆံသွားရန် စီစဉ်ထားသည်။

**မည်သည့်အဖွဲ့အစည်းများသည် ထိုကဲ့သို့သော ယန္တရား တစ်ခုကို ဦးဆောင်သင့်သည် သို့မဟုတ် စီမံခန့်ခွဲသင့်သည်ဟု မယူဆရန် အရေးကြီးသည်။** ထို့အတူ ကုလသမဂ္ဂ သို့မဟုတ် အခြားသော မည်သည့် နိုင်ငံတကာ သို့မဟုတ် ဒေသန္တရ ယန္တရားတစ်ခုခုက ရန်ပုံငွေကို စီမံခန့်ခွဲသင့်သည်ဟူသော တစ်သမတ်တည်း ယူဆချက်လည်း မရှိသင့်ပါ။ အသက်ရှင်ကျန်ရစ်သူများ၏ အမြင်များသည် ရန်ပုံငွေ၏ စီမံခန့်ခွဲမှုစနစ် တရားဝင်မှုရှိစေရန် ပံ့ပိုးပေးသည်။ ရန်ပုံငွေကို စီမံခန့်ခွဲခြင်းတွင် ပါဝင်သော အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ၏ ပွင့်လင်းပြီး အရည်အချင်းကို အခြေခံထားသည့် ရွေးချယ်မှုသည် အသက်ရှင် ကျန်ရစ်သူများအတွက် အရေးကြီးသည်။ ယုံကြည်စိတ်ချရသည့် အသက်ရှင်ကျန်ရစ်သူ ဗဟိုပြုဆောင်ရွက်သည့် သက်သေမှတ်တမ်း ပြနိုင်သော အဖွဲ့အစည်းများကို ဦးစားပေးရမည်။

အသက်ရှင်ကျန်ရစ်သူများသည် အခြေအနေအမျိုးမျိုး၌ ပြည်သူများထံသို့ ပုံမှန်အသိပေးခြင်းနှင့် ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးခံခြင်း၊ ရန်ပုံငွေဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ရလဒ်များအကြောင်းကို ပွင့်လင်းမြင်သာစွာ ဆက်သွယ်ပြောဆိုခြင်းတို့ အပါအဝင် ပြန်လည်ကုစားပေးလျော်ရေး ရန်ပုံငွေများနှင့် ပတ်သက်၍ **ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိခြင်း**တို့၏ အရေးပါမှုကို စဉ်ဆက်မပြတ် အလေးထားသည်။ ၎င်းတို့သည် **ဂျန်ဒါတန်းတူညီမျှမှု၊ ပူးပေါင်းပါဝင်မှုနှင့် တုံ့ပြန်မှုရှိခြင်း**တို့၏ အရေးပါမှုကိုလည်း မီးမောင်းထိုးဖော်ပြထားပြီး **ရန်ပုံငွေသည် အလွန်အကျွံ ဗျူရိုကရက်ဆန်ဆန် တင်းကြပ်လွန်းခြင်း သို့မဟုတ် အသက်ရှင်ကျန်ရစ်သူများ၏ လက်တွေ့ဘဝများနှင့် ကင်းကွာနေခြင်းမျိုး မရှိစေရန်** အသေအချာ ဆောင်ရွက်ရမည်။ မြန်မာနိုင်ငံအတွက် အနာဂတ် ပြန်လည် ကုစားပေးလျော်ရေး ရန်ပုံငွေ၏ အဆင့်တိုင်းဖြစ်သော ဒီဇိုင်းပုံစံရေးဆွဲခြင်းမှစ၍ အုပ်ချုပ်မှု၊ ကြီးကြပ်မှုနှင့် အကောင်အထည်ဖော်မှုများတွင် အသက်ရှင်ကျန်ရစ်သူများ အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက်နိုင်ရမည်။

# လုပ်ဆောင်ရန် တိုက်တွန်းချက်များ

**အောက်ပါအချက်များကို ကျွန်ုပ်တို့ တောင်းဆိုသည်။**

*အောက်တွင်ဖော်ပြထားသည့် "ထိခိုက်နစ်နာသူများ"ဟူသည့် စကားရပ်၏ ရည်ညွှန်းချက်အားလုံးသည် ပဋိပက္ခ အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဥပဒေကို ဆိုးဆိုးရွားရွား ချိုးဖောက်ခံရသည့် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများကို ရည်ညွှန်းပါသည်။*

- **EU အဖွဲ့ဝင်နိုင်ငံများ။** ဥရောပ သမဂ္ဂ (EU) ၏ ညွှန်ကြားချက်များဖြစ်သော ၂၀၂၄/၁၂၂၆ နှင့် ၂၀၂၄/၁၂၆၀ တို့ကို ပြဋ္ဌာန်းရန်၊ (၁) မြန်မာနိုင်ငံနှင့် ဆက်စပ်သော ပိတ်ဆို့မှုများ ချိုးဖောက်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး ဤပြစ်မှုများမှ ရရှိထားသောပိုင်ဆိုင်မှုများကို သိမ်းဆည်း၍ အသုံးပြု၍မရအောင် ဆောင်ရွက်ရန်နှင့် (၂) လူ့အသိုင်းအဝိုင်းအပေါ် ကောင်းကျိုးပြုရန် ရည်ရွယ်ချက်များဖြင့် ထိခိုက်နစ်နာသူများအား ပြန်လည်ကုစား ပေးလျော်ခြင်းဆိုင်ရာ ယန္တရားတစ်ခု အတွက် ဝေစုတစ်ခု သတ်မှတ်ပေးရန် ညွှန်ကြားခြင်း။
- **ဥရောပသမဂ္ဂကောင်စီနှင့် ကော်မရှင်။** ကောင်စီ၏ဆုံးဖြတ်ချက်အမှတ် ၂၀၂၄/၁၄၇၀ အရ ချမှတ်ထားသော ယူကရိန်းအတွက် ပြုလုပ်ခဲ့သည့်ပုံစံကို နမူနာယူပြီး မြန်မာနိုင်ငံနှင့် ဆက်စပ်၍ ပိတ်ဆို့သိမ်းဆည်းထားသော ပိုင်ဆိုင်မှုများမှတဆင့် ရရှိထားသော ဝင်ငွေများကို အသုံးပြုခွင့်ပေးခြင်း၊ ထိခိုက်နစ်နာသူများအတွက် ပြန်လည် ကုစားပေးလျော်ခြင်းဆိုင်ရာ ယန္တရားတစ်ခုသို့ သတ်မှတ်ထားသော ဝေစုတစ်ခု ခွဲဝေပေးခြင်း။
- **UK အစိုးရနှင့် ပြည်ပရှိ နယ်မြေများ။** မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု သတ်မှတ်ချက်များအား ချိုးဖောက် ခြင်းများကို စနစ်တကျ စုံစမ်းစစ်ဆေး၍ တရားစွဲဆိုပြီး ရရှိလာသော ဒဏ်ငွေများနှင့် ပိုင်ဆိုင်မှုများမှ သတ်မှတ် ထားသော ဝေစုတစ်စုကို ထိခိုက်နစ်နာသူများအတွက် ပြန်လည်ကုစားပေး လျော်ခြင်းဆိုင်ရာ ယန္တရားတစ်ခုသို့ ခွဲဝေပေးရန်။
- **အမေရိကန် ကွန်ဂရက်လွှတ်တော်ရှိ မြန်မာနိုင်ငံဆိုင်ရာ ကော်မတီ။** REPO အက်ဥပဒေကို နမူနာယူကာ အသုံးပြု၍မရအောင် ဆောင်ရွက်ထားသည့် မြန်မာနိုင်ငံပိုင် ပိုင်ဆိုင်မှုများကို သိမ်းယူနိုင်ခွင့်ရှိသော ဥပဒေကို အတိုက်အခံနှင့် အစိုးရပါတီ နှစ်ဘက်စလုံးထောက်ခံရေးအတွက် ဦးဆောင်ရန်နှင့် သတ်မှတ်ထားသော ဝေစု များကို ထိခိုက်နစ်နာသူများအတွက် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ ယန္တရားတစ်ခုသို့ ခွဲဝေပေးရန်။
- **OECD နှင့် အမျိုးသား ဆက်သွယ်ရေးဌာနများ။** အာဏာသိမ်းစစ်အစိုးရ၏ ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်ပေါ် လာအောင် ပံ့ပိုးပေးနေသည်ဟူသော မြန်မာနိုင်ငံနှင့်ပတ်သက်သော တိုင်ကြားမှုများတွင် ထိခိုက်နစ်နာရသူများ အတွက် ကုစားမှုနှင့် ပြန်လည်ကုစားပေးလျော်မှုရရှိရေးအတွက် လက်ရှိကြိုးပမ်းအားထုတ်မှုများကို အားဖြည့် ပေးရန်။
- **မြန်မာရှိအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့များ၊ မူဝါဒရေးရာအဖွဲ့များနှင့် အခြားဒီမိုကရေစီ အရေးလှုပ်ရှားသူများ။** အထက်ဖော်ပြပါ ဥပဒေရေးရာ ချိတ်ဆက်မှုများ၊ မဟာဗျူဟာမြောက် တိုင်ကြားမှုများ နှင့် တရားစွဲဆိုမှုများ၊ သိမ်းဆည်းခံရသော ပိုင်ဆိုင်မှုများနှင့် ဒဏ်ကြေးများကို ထိခိုက်နစ်နာသူများအတွက် ပြန်လည်ကုစားပေးလျော်ပေးခြင်းဆိုင်ရာ ယန္တရားတစ်ခုသို လွှဲပြောင်းပေးအပ်ရန်အတွက် တစ်စုတစည်းတည်း တောင်းဆိုမှုများ အပါအဝင် အနာဂတ်တွင် ပြန်လည်ကုစားပေးလျော်ရေးလုပ်ငန်းစဉ်များအတွက် ပိုင်ဆိုင်မှုများ ပြန်လည်အသုံးပြုခြင်း လုပ်လာနိုင်ရန် ချိတ်ဆက်ဆော်ဩဆောင်ရွက်ရန်။
- **အဖွဲ့ဝင်နိုင်ငံများ၊ အလှူရှင်များ၊ မူဝါဒရေးရာအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ။** အနာဂတ်ကာလ ပြန်လည်ကုစားပေးလျော်ရေး ရန်ပုံငွေပုံစံများ၊ အထူးသဖြင့် ၎င်း၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဖွဲ့စည်းပုံဆိုင်ရာ ဆွေးနွေးမှုအားလုံး၌ ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများ အဓိပ္ပာယ်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်စေရန်။

# ကိုးကားချက်များ References


1. UN Special Rapporteur on the situation of human rights in Myanmar, "Report to the Human Rights Council," A/HRC/55/54, March 2024.

2 Global Survivors Fund, "Asia Regional Survivors' Exchange: Building Solidarity and Shaping Joint Advocacy," July 2025, https://www.globalsurvivorsfund.org/latest/articles/asia-regional-survivors-exchange-building-solidarity-and-shaping-joint-advocacy/; Joint Statement from Survivors of Conflict-Related Sexual Violence in Asia, Asia Regional Survivors' Exchange, 19–20 June 2025, Bangkok, Thailand.

3 Independent Investigation Mechanism for Myanmar, "The Destruction and Dispossession of Rohingya Land and Property During the 2017 Clearance Operations – Public Summary," 29 September 2025.

4 Global Survivors Fund and REDRESS, "Myanmar Study on Opportunities for Reparations for Survivors of Conflict-Related Sexual Violence," March 2023; and Global Survivors Fund, initial exchanges with humanitarian partners and survivors in Cox's Bazar, 2025.

5 Ibid.

6 Ibid, p.64.

7 OCHA, OCHA *Myanmar Humanitarian Update No. 50*, 17 November 2025 (stating that the 2025 Humanitarian Needs and Response Plan is only 15 per cent funded); and Inter-Sector Coordination Group (ISCG) Cox's Bazar, *Bangladesh: Rohingya Humanitarian Crisis – Joint Response Plan 2025–26 funding update as of 31 October 2025* (infographic, showing the 2025 JRP 38 per cent funded).

8 UN Special Rapporteur on Myanmar, "The Billion Dollar Death Trade: The International Arms Networks that Enable Human Rights Violations in Myanmar," Conference Room Paper A/HRC/53/CRP.4, 17 May 2023.

9 OECD Denmark 2025, "NCP Denmark Initiates Actual Investigation in Complaint from Justice For Myanmar against Nordic Aviation Capital," May 2025, https://ncp-denmark.dk/ncp-denmark-initiates-actual-investigation-in-complaint-from-justice-for-myanmar-against-nordic-aviation-capital/.

10 Environmental Investigation Agency, *Convicted German timber trader investigated by EIA is raided for dealing in illegal Myanmar teak*, 22 April 2022.; ClientEarth, *EUTR Newsletter* March 2022–May 2022.

11 Same as 8.

12 Justice For Myanmar 2025, Bermuda and Cayman Islands must take action against oil companies for suspected Myanmar sanctions breaches after JFM legal submission, 3 November, https://www.justiceformyanmar.org/press-releases/bermuda-and-cayman-islands-must-take-action-against-oil-companies-for-suspected-myanmar-sanctions-breaches-after-jfm-legal-submission-2.

13 Henshaw, C. 2025, "Companies registered in UK's overseas territories generating huge revenues for Myanmar military regime", Finance Uncovered, 3 November, https://www.financeuncovered.org/stories/uk-overseas-territories-enabling-huge-sums-to-flow-to-myanmar-junta.

14 UK Government 2021, The Myanmar (Sanctions) Regulations 2021 (SI 2021/496); UK Government 2021, The Myanmar (Sanctions) (Overseas Territories) Order 2021 (SI 2021/528).

15 UK Government 2002, Proceeds of Crime Act 2002 (c.29), Cayman Islands Government 2024, Proceeds of Crime Act (2024 Revision), Cayman Islands Gazette; Government of Bermuda 1997, Proceeds of Crime Act 1997, Bermuda Laws.

16 REDRESS 2025, Briefing Paper: Recovering UK Assets Linked to Sanctions Violations as Reparation https://redress.org/publication/briefing-paper-recovering-uk-assets-linked-to-sanctions-violations-as-reparation/.

17 The White House 2021, "Fact Sheet: Biden–Harris Administration Actions in Response to the Coup in Burma," 11 February 2021.

18 U.S. Congress 2024, "Rebuilding Economic Prosperity and Opportunity for Ukrainians Act of 2024," Public Law No. 118-50, 24 April 2024.

19 Council of the European Union, "Council Decision (EU) 2024/1470 of 24 May 2024 on the Use of Extraordinary Revenues Held by Central Securities Depositories for the Support of Ukraine's Recovery and Reconstruction," May 2024.

20 Same as 8.

21 United Nations, "Guiding Principles on Business and Human Rights," 2011, Principle 22.

22 OECD 2018, "OECD Guidelines for Multinational Enterprises," General Policies, paras. 12–13.

23 Meta, "An Independent Assessment of the Human Rights Impact of Facebook in Myanmar," November 2018, https://about.fb.com/news/2018/11/myanmar-hria/.

24 OECD 2019, "Providing Access to Remedy: 20 Years and the Road Ahead," 2019.

https://www.globalsurvivorsfund.org/